# မြန်မာစကား ပြောဆိုသော MDwise Hoosier Healthwise ဟူးရှား ဟဲ့လ်သ်ဝိုက်စ် အဖွဲ့ဝင်များအတွက် အကြံပြုချက်များ

## Burmese

### MDwise ဝယ်ယူသူဝန်ဆောင်မှုလုပ်ငန်း



ကျေးဇူးပြု၍ ကျွန်ုပ်တို့ကို **1-800-356-1204** သို့ခေါ်ဆိုပါ။ ကျွန်ုပ်တို့သည် နံနက် ၇ နာရီ – ညနေ ၇ နာရီ အထိဖွင့်သည်။ ရွေးချယ်စရာ ၂ ကိုနှိပ်ပါ။ ရွေးချယ်စရာ ၁ ကိုပြန်နှိပ်ပါ။ ပြီးနောက် ရွေးချယ်စရာ ၂ ကိုနှိပ်ပါ။



သင်လိုအပ်သော ဘာသာစကားကို ကျေးဇူးပြု၍ပြောပါ။ သင်ကို ဖုန်းဖြင့်ကူညီစကားပြောရန် စကားပြန်တစ်ယောက် ကျွန်ုပ်တို့ရရှိလိမ့်မည်။ စကားပြန်တစ်ယောက် ရောက်ရှိလာသည်အထိ ဖုန်းလိုင်းပေါ်တွင်ရှိနေပါ။

သင်၏အမည်၊ မွေးနေ့သက္ကရာဇ်၊ လိပ်စာနှင့် Hoosier ကျန်းမာရေးကဒ် နံပါတ်တို့ကို သင်ပေးရန် ဝယ်ယူသူဝန်ဆောင်မှုလုပ်ငန်းမှ သင့်ကိုမေးပါလိမ့်မည်။ ဤအရာသည် ကျွန်ုပ်တို့မှ မှန်ကန်သောသူနှင့် စကားပြောခြင်းကို သေချာစေရန်နှင့် ကျွန်ုပ်တို့၏ သတင်းအချက်အလက်များကို မွမ်းမံရန်ဖြစ်သည်။






ကျွန်ုပ်တို့သည် အောက်ပါအရာများ စသည်တို့ကို ကူညီနိုင်သည်–

1. <u>ဆေးကုသခြင်းဆိုင်ရာ ချိန်းဆိုခြင်းများသို့ ယာဉ်ဖြင့်စီးနင်းလာရောက်ခြင်း။</u> ချိန်းဆိုခြင်းမတိုင်မီ ၂ ရက်အလို နောက်ဆုံးထား၍ ခေါ်ဆိုပါ။ ကျွန်ုပ်တို့သည် သိရှိရန်လိုအပ်ပါမည်–



- သင်၏လိပ်စာနှင့် ဖုန်းနံပါတ်
- ဆရာဝန် ချိန်းဆိုထားသည့် ရက်စွဲ
- ဆရာဝန် ချိန်းဆိုထားသည့် အချိန်
- ဆရာဝန်၏အမည် သို့မဟုတ် ရုံး၏အမည်
- ဆရာဝန်၏လိပ်စာနှင့် ဖုန်းနံပါတ်
- သင်နှင့်အတူ စီးနင်းလိုက်ပါလာမည့် လူအရေအတွက်
- အကယ်၍သင်သည် ဘီးတပ်ကုလားထိုင်ပါသည့် မော်တော်ယဉ်တစ်စီးကို လိုအပ်ပါက
- သင့်ကို လာကြိုခြင်းအတွက် သင်အဆင်သင့်ဖြစ်နေရမည့်အချိန်ကို ကျွန်ုပ်တို့ပြောမည်
- သင်သည် အိမ်ပြန်ရန် အဆင်သင့်ဖြစ်လျှင် ကျွန်ုပ်တို့ကို **1-800-356-1204** သို့ခေါ်ဆိုပါ ပြီးနောက် ရွေးချယ်စရာ ၂ ကိုနှိပ်ပါ။ရွေးချယ်စရာ ၁ ကိုပြန်နှိပ်ပါ။ ပြီးနောက် ရွေးချယ်စရာ ၁ ကိုနှိပ်ပါ။ သင့်ကိုကြိုရန် ကျွန်ုပ်တို့သည် ကားကိုလွှတ်ပေးပါမည်။

2. <u>သင်၏ဆေးကုသခြင်းဆိုင်ရာ ချိန်းဆိုမှုအတွက် စကားပြန်များ</u>
3. <u>သင့်အတွက် သတ်မှတ်ပေးထားသော ဆရာဝန်သည် မည်သူဖြစ်သည်</u>
4. <u>သင်၏ဆရာဝန်ကို သင်မည်သို့ ပြောင်းလဲသနည်း</u>
5. <u>ဆေးကုသခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ငွေပေးချေရန် သင့်ကိုတောင်းခံပါက သင်မည်သို့ပြုလုပ်သနည်း။</u>

## သင်၏ ဆေးဝါးများကို သင်မည်သို့ရရှိသနည်း။



သင်၏ဆရာဝန်သည် သင့်အတွက် သူ/သူမ ညွှန်ကြားထားသော ဆေးဝါးများကို သင်မည်သို့သောက်သုံးရန် ရှင်းပြနိုင်သည်။ သင်သည် သင်၏ဆေးဝါးအတွက် အမေရိကန်ဒေါ်လာ 3–10 ကိုအသေးစား ပူးတွဲပေးခြင်းအဖြစ် ပေးကောင်းပေးရမည်။ အကယ်၍ ဆေးအရောင်းဆိုင်၌ သင်၏ဆေးဝါးများကို ဖြည့်တင်းရရှိခြင်းနှင့် ပတ်သက်၍ သင့်၌ မေးခွန်းများရှိပါက သို့မဟုတ် ပြဿနာတစ်ခုခုရှိပါက၊ သင်သည် **1-800-457-4584** သို့ခေါ်ဆိုနိုင်သည်။ ရွေးချယ်စရာ 2 ကို ရွေးပါ။



## ဆရာဝန်၏ ရုံး

သင်နှင့် သင့်ဆရာဝန်၏ ဆက်ဆံရေးမှာ အလွန်အရေးကြီးသည်။ သင်၏ဆရာဝန်ရုံးနှင့် သင်စကားပြောရန် လို– အပ်သောအခါ၊ သင်လိုအပ်သော ဘာသာစကားကို ကျေးဇူးပြု၍ပြောပါ။ သင့်ဆရာဝန်၏ရုံးသည် သင့်ကို ဖုန်းစကားပြန်တစ်ယောက် သို့မဟုတ် ကူညီစကားပြောဆိုနိုင်မည့်သူတစ်ယောက်ကို ဖြည့်ဆည်းပေးလိမ့်မည်။

အကယ်၍ သင်၏ချိန်းဆိုခြင်းကို ထိန်းမထားနိုင်ပါက၊ သင်သည်ဖုန်းခေါ်ဆိုပြီး ဖျက်ရန်လိုအပ်လိမ့်မည်။ သင်၏ ချိန်းဆိုခြင်း မတိုင်မီ တစ်ရက်အလိုတွင် ဤအရာကို ကျေးဇူးပြု၍ပြုလုပ်ပါ။

အကယ်၍ သင်၏ဆရာဝန် သို့မဟုတ် MDwise ထံမှ သင်သည် ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် အမှာစကားတစ်ခုကို လက်ခံရရှိ ပါက၊ ကျေးဇူးပြု၍ ချက်ခြင်းပြန်ခေါ်ပါ။ အရေးကြီးသော သတင်းအချက်အလက်များကို သင့်အားအသိပေးရန် ကျွန်ုပ်တို့သည် သင့်ကို ကြိုးစားပြီးဆက်သွယ်ပါမည်။

ကျွန်ုပ်တို့သည် ကူညီရန်ရှိနေသည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့ကို **1-800-356-1204** သို့ခေါ်ဆိုပြီး ရွေးချယ်စရာ ၂ ကိုနှိပ်ပါ။ ရွေးချယ်စရာ ၁ ကိုပြန်နှိပ်ပါ။ ပြီးနောက် ရွေးချယ်စရာ ၁ ကိုနှိပ်ပါ။

သင်၏ဆရာဝန်သည် ______________________________

နှင့် ဖုန်းနံပါတ်သည် ___________________________ ဖြစ်သည်။